# (သာသနမောဠိ) အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ်

## **ပဓာနာစေရ ဆရာတော်**

## မစိုးရိမ်ဆရာတော်ကြီး ဦးကောဝိဒါဘိဝံသ တရားပွဲ

******************************************************************

<u>အစီအစဉ်</u>

ဒီဇင်ဘာလ ၁၆ ရက် (၁၂၊ ၁၆၊ ၂၀၀၇) တနင်္ဂနွေနေ့ ၊ နေ့လည် (၁၁) နာရီ ဆရာတော်ကြီးနှင့် သံဃာတော်များအား စုပေါင်းဆွမ်းကပ် ၊ (အလှူရှင်တိုင်း ပါဝင်လှူဒါန်းနိုင်)

တရားပွဲ။ ။ နေ့ (၁) နာရီတိတိ

မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာ

4619 Central Ave.

Fremont, CA 94536

Ph: 510 795 0405

ယခုအချိန်သည် မြန်မာ့သမိုင်းစဉ်တလျှောက် ဗုဒ္ဓသာသနာတော်အပေါ် နည်းအမျိုးမျိုးဖြင့် အဆိုးရွားဆုံး အခြိမ်းခြောက် ခံနေရချိန်ဖြစ်သည်။ ရဟန်းတော်များ၏ ဘဝလုံခြုံရေးနှင့် သာသနာ့တာဝန်များကို ငြိမ်းချမ်းစွာ ထမ်းဆောင်နိုင်ရေးအတွက် အကြီးမားဆုံးသော ဟန့်တားနှောင့်ယှက်မှုများနှင့် ရင်ဆိုင်နေရချိန်လည်းဖြစ်သည်။ လူသားတစ်ဦး၏ ရပိုင်ခွင့်ဖြစ်သော လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကိုလည်း ပိတ်ပင်တားဆီး ခံနေရချိန်ဖြစ်သည်။ ယခုခေတ်အခါလောက် ဆိုးရွားရက်စက်သော အခြေအနေမျိုးကို မြန်မာရဟန်းတော်များအနေနှင့် တွေ့ကြုံဆုံဖူးခြင်း မရှိခဲ့ကြရပါ။ ယခုအနေအထားမျိုးကို မတားဆီး မကာကွယ်နိုင်ပါက စစ်မှန်သော ဗုဒ္ဓသာသနာတော်သည် မြန်မာ့မြေပေါ်က မကြာမီပင် ပျောက်ကွယ်သွားရန် အလားအလာများကိုလည်း တွေ့မြင်နေကြရပါသည်။ သင်အံ့လေ့လာ ပွားများ အားထုတ်နေရုံမျှနှင့် လုံလောက်သော အချိန်အခါမဟုတ်တော့။ သာသနာ့အန္တရာယ် ကာကွယ်တားဆီးမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုတို့ကိုပါ အားမာန်အပြည့်ဖြင့် ပူးတွဲလုပ်ကိုင်ကြရမည့် အချိန်ဖြစ်သည်။

ထိုကဲ့သို့သောအချိန်၌ စစ်မှန်သော ဗုဒ္ဓသာသနာတော် အရှည်တည်တန့်ပြန့်ပွားနိုင်စေရန်စသော ရည်ရွယ်ချက်များနှင့် လိုအပ်မှုအရ (သာသနမောဠိ) အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များ အဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

ဆရာတော်ကြီးသည် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ်ကြီး၏ ပဓာနာစေရ (ဦးဆောင်ဆရာတော်) အဖြစ် တက်တက်ကြွကြွ ဟောပြောစည်းရုံးလျက်ရှိပါသည်။ နှစ်ပေါင်း (၅၀) ကျော်ကြာ ပရိယတ္တိစာပေများကို အားကြိုးမာန်တက် ပို့ချတော်မူခဲ့ပြီး ထင်ရှားသော ဓမ္မာစရိယတန်းဆိုင်ရာ ကျမ်းစာများ ရေးသားတော်မူခဲ့သော ဆရာတော်ကြီး၏ ကြုံခဲလှသော တရားပွဲသို့ အမျိုး ဘာသာ သာသနာကို ချစ်မြတ်နိုးပြီး ဗုဒ္ဓအဆုံးအမတရားတော်များကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရန် သမ္မာဆန္ဒရှိသူများ လာရောက်နာယူနိုင်ရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ။

တရားပွဲဖြစ်မြောက်ရေးတာဝန်ခံများ

မြောက်ပိုင်းကာလီဖိုးနီးယားပြည်နယ်